# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 2 , 2022 Volume 57, Number 2


၂.၈.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၇၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၉၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၄၁.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၆၀.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၀.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၇၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၄၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၁၉၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၇၇၀၀၀ အပါအဝင် ဆန်ချော၊ ဆန်ကြမ်းများကို သက်သာသောဈေးနှုန်းဖြင့် တစ်အိမ်ထောင်လျှင်တစ်အိတ် ဩဂုတ် ၃ ရက်မှ စတင်ရောင်းချမည်

ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၇၇၀၀၀ အပါအဝင် ဆန်ချော၊ ဆန်ကြမ်းများကို သက်သာသောဈေးနှုန်းဖြင့် တစ်အိမ်ထောင်လျှင် တစ်အိတ် ဩဂုတ် ၃ ရက်မှ စတင်ရောင်းချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)၊ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်) တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမှုအစီအစဉ်ဖြစ်သည်။

ဧရာဝတီပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၅၂၀၀၀- ၅၅၀၀၀၊ ကြာပျံတစ်အိတ်လျှင် ကျပ် ၅၅၀၀၀- ၆၀၀၀၀ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၇၅၀၀၀- ၇၇၀၀၀၊ ရက်(၉၀) တစ်အိတ်လျှင် ကျပ် ၃၅၀၀၀- ၃၇၀၀၀ ဈေးဖြင့် ဩဂုတ် ၃ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအချိန်အတွင်း ရန်ကုန်မြို့ရှိ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)တွင် ရောင်းချပေးမည်ဖြစ်သည်။

စားသုံးသူပြည်သူများအတွက်သာ ရောင်းချပေးခြင်းဖြစ်ပြီး အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်အိတ် ရောင်းချပေးမည်ဟုသိရသည်။ ပြန်လည်ရောင်းချရန် ကုန်သည်များ၊ လက်လီဆိုင်များကို ရောင်းချပေးမည်မဟုတ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/234998

## ၂၀၂၂ ခုနှစ် ဇန်နဝါရီမှဇူလိုင်လအထိ ခုနှစ်လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၃၅၅ စင်းဝင်ရောက်ပြီး ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ခဲ့

၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအထိ ခုနှစ်လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၃၅၅ စင်း ဝင်ရောက်ပြီး ဆိပ်ကမ်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့်၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်း ၁၅ ခု၏ ကုန်သေတ္တာတင် သင်္ဘော ၄၉ စင်းဝင်ရောက်၍ ကုန်တင်ကုန်ချလုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ ဇွန်လကုန်အထိ ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၃၀၆ စင်းဝင်ရောက်ခဲ့သည်။ ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များ တိုးမြှင့်တင်သွင်းရန် ရန်ကုန်ဆိပ်ကမ်းများ၌ ၂၀၂၂ ဇန်နဝါရီတွင် သင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်း၊ ဖေဖော်ဝါရီတွင် သင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၈ စင်း၊ မတ်တွင် ကုန်သေတ္တာတင်သင်္ဘော ၅၀၊ ဧပြီတွင် သင်္ဘောလိုင်း ၁၄ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၅၂ စင်း၊ မေတွင် နိုင်ငံတကာသင်္ဘောလိုင်း ၁၂ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၅၄ စင်း၊ ဇွန်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၃ စင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ပွင့်လင်းရာသီ ပို့ကုန်များတိုးမြှင့်တင်ပို့နိုင်ရန်နှင့် ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များလည်း တိုးမြှင့်တင်သွင်းနိုင်ရန်အတွက်လည်းကောင်း ကုန်သေတ္တာတင်သင်္ဘောလိုင်းအသီးသီးမှ ခရီးစဉ်များပြန်လည်တိုးချဲ့ပြေးဆွဲရန် စီစဉ်ထားခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှထုတ်ပြန်သော အချက်အလက်များအရသိရသည်။

ရန်ကုန်ဆိပ်ကမ်းများသို့ ၂၀၂၁ ခုနှစ် မေလမှစတင်ကာ နိုင်ငံတကာကုန်သေတ္တာနှင့် အထွေထွေကုန်စည်သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ပြီး ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည် ၁၁၅၀၀၀ မက်ထရစ်တန် ပိုမိုကိုင်တွယ်နိုင်ခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ၂၀၂၁ ခုနှစ်မှစတင်ကာ Maersk Line Myanmar (Sealand Maersk) သင်္ဘောလိုင်းက ကုန်သေတ္တာတင် သင်္ဘောသစ်သုံးစင်းအား စတင်ပြေးဆွဲခဲ့သည်။ အဆိုပါသင်္ဘောသစ်သုံးစီးမှာ ကုန်သေတ္တာ ၁၇၅၀ TEU 21000 မက်ထရစ်တန် (ရေစူး ၉.၅ မီတာ) တင်ဆောင်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဈေးကွက်အတွက် သီးသန့်ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းကဲ့သို့ ကုန်သေတ္တာတင် သင်္ဘောသစ်များ တိုးချဲ့ပြေးဆွဲခြင်းဖြင့် ပို့ကုန်များအတွက် Space & Equipment လုံလောက်စွာရရှိနိုင်မည်ဖြစ်ပြီး ပို့ကုန်များအတွက် ဘိုကင်ရရှိရန် စောင့်ဆိုင်းရန်မလိုဘဲ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ် ရှာဖွေတွေ့ရှိမှုကြောင့် ရေစူးကန့်သတ်ချက်တိုးမြှင့်ခွင့်ပြုခဲ့သည့် သီလဝါဆိပ်ကမ်းသို့ ရေစူး ၁၀ မီတာရှိသော နိုင်ငံတကာပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်ပြီ ဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ် ရှာဖွေတွေ့ရှိမှုကြောင့် ရေစူးကန့်သတ်ချက်တိုးမြှင့်ခွင့်ပြုခဲ့သည့် ငါးလတာအတွင်း ရန်ကုန်အတွင်းဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းများသို့ တန်ချိန်သုံးသောင်းအထက် သင်္ဘော ၁၅၂ စင်းဝင်ရောက်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**Source:** https://news-eleven.com/article/234962

## ဆန်အမျိုးအစား အားလုံးနီးပါး ဈေးတက်

ရန်ကုန်၊ ဝါးတန်းဈေးကွက်မှာတော့ ဆန်အမျိုးအစား အားလုံးနီးပါး ဈေးတွေတက်သွားတာဖြစ်ပြီး တချို့ဆန်အမျိုးအစားတွေက တစ်အိတ် ကျပ် ၁ သောင်းလောက်ထိ ဈေးတွေတက်လာတာပါ။

တောင်ပျံဖျာပုံ(သစ်) ဈေးကအတက်ဆုံးဖြစ်ပြီး ပြီးခဲ့တဲ့အပတ် သောကြာနေ့ (ဇူလိုင် ၂၉ ရက်) က တစ်အိတ်(၁.၅ တင်း)ကို ၅၅၀၀၀-၅၈၀၀၀ ကြားရှိရာကနေ ဒီနေ့မှာတော့ ၆၅၀၀၀-၆၇၀၀၀ ထိ ဖြစ်သွားတာပါ။ တောင်ပျံမော်ကျွန်း(သစ်)အမျိုးအစားလည်း သိသိသာသာ ဈေးတက်ပါတယ်။ ပြီးခဲ့တဲ့အပတ် သောကြာနေ့က တစ်အိတ်(၁.၅ တင်း) ကို ၅၁၀၀၀-၅၃၀၀၀ ကြား ရှိရာကနေ ဒီနေ့မှာတော့ ၆၀၀၀၀-၆၁၀၀၀ ဖြစ်သွားပါပြီ။

ဇူလိုင် ၂၅ ရက်တုန်းက ၆၀၀၀၀-၇၀၀၀၀ ကြား ပေါက်ဈေးရှိပြီး ဇူလိုင် ၂၈ ရက်ကစလို့ ၇၃၀၀၀-၈၀၀၀၀ ကြားထိဈေးတက်သွားတဲ့ ရွှေဘိုပေါ်ဆန်း(သစ်) ဆန်ဟာလည်း ဒီနေ့(ဩဂုတ် ၁ ရက် )မှာတော့ ၇၃၀၀၀-၈၇၀၀၀ ထိ ဈေးရောက်သွားပြီဖြစ်ပါတယ်။

ဖျာပုံပေါ်ဆန်းမွေးနဲ့ ဒေးဒရဲပေါ်ဆန်းမွေးတွေလည်း တစ်အိတ်ကို ကျပ် ၃၀၀၀ ကနေ ၅၀၀၀ ခန့်ထိ ဈေးတွေတက်လာပါတယ်။ ဆန်ကြမ်းဈေးတွေကတော့ တက်လာတယ်ဆိုပေမယ့် ဆန်ချောတွေလောက် အရမ်းကြီး သိသိသာသာ တက်လာတာမျိုး တော့ မရှိသေးပါဘူး။

ဒါဟာ ရန်ကုန် ဘုရင့်နောင်ဈေးကွက် လက်ကားဆန်ဈေးတွေဖြစ်ပြီး မြို့နယ်တွင်း လက်လီဈေးတွေမှာတော့ ဒီဈေးနှုန်းတွေထက် အတော်လေးပိုများနေတယ်လို့ ပုံမှန်ဆန်ဝယ်ယူစားသုံးနေသူတချို့ထံက သိရပါတယ်။ ဒီနေ့ ဩဂုတ် ၁ ရက် ရန်ကုန်ဝါးတန်းဈေးကွက် ဆန်ဈေးနှုန်း(၁.၅ တင်း) တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ် –

ဆန် (ဖျာပုံပေါ်ဆန်းမွေး)(သ) – ၅၆၀၀၀ မှ ၆၀၀၀၀ ကျပ်

ဆန်(ဒေးဒရဲပေါ်ဆန်းမွေး) (သ) – ၅၅၀၀၀ မှ ၆၀၀၀၀ ကျပ်

ဆန်(မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းမွေး)(သ) – ၅၈၀၀၀ မှ ၆၁၀၀၀ ကျပ်

ဆန်(ပေါ်ဆန်းနယ်စုံသစ်) (သ) – ၅၅၀၀၀ မှ ၅၇၀၀၀ ကျပ်

ဆန်(ဧည့်မထ)(သ) – ၃၂၀၀၀ မှ ၃၃၀၀၀ ကျပ်

ဆန်(ငစိန်)(သစ်) – ၃၃၀၀၀ မှ ၃၅၀၀၀ ကျပ်

ဆန်(မြီးဒုံး)(သစ်) – ၄၅၀၀၀ မှ ၄၆၀၀၀ ကျပ်

ဆန်(ရွှေဘိုပေါ်ဆန်း) (သစ်) – ၇၃၀၀၀ မှ ၈၇၀၀၀ ကျပ်

ဆန်(ဧည့်မထ ၂၅%)(သစ်) – ၃၀၅၀၀ မှ ၃၁၀၀၀ ကျပ်

ဆန်(ရက် ၉၀ သစ်ရှယ်) – ၃၈၅၀၀ မှ ၄၀၀၀၀ ကျပ်

ဆန်(သီးထပ်)(သ) – ၃၁၅၀၀ မှ ၃၃၀၀၀ ကျပ်

ကြားပျံ့ရှယ်(သစ်) – ၅၈၀၀၀ မှ ၆၆၀၀၀ ကျပ်

ပေါ်ဆန်းရှယ်(သ) – ၅၆၀၀၀ မှ ၆၀၀၀၀ ကျပ်

တောင်ပျံ့(ဖျာပုံ)(သစ်) – ၆၅၀၀၀ မှ ၆၇၀၀၀ ကျပ်

ပေါ်ကျွဲ(ဖျာပုံ)(သစ်) – ၄၃၀၀၀ မှ ၄၅၀၀၀ ကျပ်

တောင်ပျံ့(မော်ကျွန်း)(သစ်) – ၆၀၀၀၀ မှ ၆၁၀၀၀ ကျပ်

TIR

ပေါ်ကွဲ(မော်ကျွန်း)(သ)  – ၄၂၀၀၀ မှ ၄၄၀၀၀ ကျပ်

(စိုက်ပျိုးရေးဈေးကွက်သတင်းအေဂျင်စီ (AMIA) က ပေးပို့လာသည့် ဈေးနှုန်းများကို ဖော်ပြခြင်းဖြစ်ပါသည်။)

**Source:** https://greenwaymyanmar.com/posts/market_price_for_aug1

## ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ တူနာငါးတင်ပို့မှု ပိုမိုမြင့်တက်လာလိမ့်မည်ဟုခန့်မှန်း



https://myantrade.gov.mm

ဗီယက်နမ်နိုင်ငံအနေဖြင့် ပြည်ပသို့ တူနာငါးတင်ပို့မှုသည် ဆက်တိုက်မြင့်တက်လာလိမ့်မည်ဟု မျှော်လင့်ချက်ထားရှိ လုပ်ဆောင်လျက်ရှိပါသည်။ ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ တူနာငါးတင်ပို့မှုတွင် ယခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၁.၁ ဘီလီယံအထိ တိုးမြှင့်တင်ပို့နိုင်လိမ့်မည်ဟု ခန့်မှန်းချက်ထားရှိပြီး အဆိုပါပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၄၅ ရာခိုင်နှုန်းတိုးတက်တင်ပို့လာနိုင်ခြင်းဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံ၊ အကောက်ခွန်ဦးစီးဌာန (General Department of Customs) မှ ပြောကြားပါသည်။

ဇွန်လအတွင်းရှိ အချက်အလက်များအရ ပြည်ပသို့ တူနာငါးတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၀ သန်းခန့် ရရှိလာပြီဖြစ်ပြီး ၎င်းသည် ပြီးခဲ့သည့်နှစ်ကာလတူပမာဏနှင့်နှိုင်းယှဉ်ပါက ၄၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်၊ ပထမနှစ်ဝက်ကာလတွင် ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ တူနာငါးတင်ပို့မှုမှ စုစုပေါင်းပြည်ပပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၅၃ သန်းရှိသည်ကို မြင်တွေ့နိုင်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ်၊ ပထမခြောက်လတာကာလနှင့်နှိုင်းယှဉ်ပါက ၅၆ ရာခိုင်နှုန်း မြင့်တက်လာပါသည်။

ထိုကဲ့သို့ လျင်မြန်စွာတိုးတက်လာမှုသည် အီးယူဈေးကွက်၊ အစ္စရေးဈေးကွက်နှင့် အီဂျစ်ဈေးကွက်များမှလွဲ၍ အဓိကဈေးကွက်အများစုသို့ တူနာငါးတင်ပို့မှု သိသာစွာမြင့်တက်လာခြင်းကြောင့်ဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံ ပင်လယ်ထွက်ကုန်တင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (The Vietnam Association of Seafood Exporters and Procedures–VASEP) က မှတ်ချက်ပြုထားပါသည်။

ထူးထူးခြားခြား အမေရိကန်ဈေးကွက်သို့ တူနာငါးတင်ပို့မှုသည် ဇွန်လနောက်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၃၀၀ သန်းထက်မနည်းရရှိခဲ့ပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လရှိ ပမာဏထက် နှစ်ဆနီးပါးမြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

CPTPP (The Comprehensive and Progressive Agreement for Trans-Pacific Partnership) သည် ဗီယက်နမ်တူနာငါးအား တတိယအများဆုံးတင်သွင်းသူဖြစ်ပြီး ၎င်း၏နောက်တွင်အမေရိကန်နှင့်အီးယူတို့က အများဆုံးတင်သွင်းကြကြောင်း၊ ဗီယက်နမ် တူနာငါးအား သဘော်တင်ပို့မှုဆိုင်ရာ ကတိကဝတ်ပြုထားသည့် အဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆၈ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၅၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

လတ်တလောတွင် အမေရိကန်ဈေးကွက်သို့ တူနာငါးတင်ပို့မှုသည် ပြီးခဲ့သည့် သုံးလအတွင်း တဖြည်းဖြည်းကျဆင်းလာပြီး ဇွန်လတွင် ဈေးကွက်တင်ပို့မှုသည် ၂၅ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး အကြမ်းအားဖြင့် အမေရိကန်ဒေါ်လာ ၉.၅ သန်းခန့် ကျဆင်းခဲ့ပါသည်။ ယခုနှစ် ပထမခြောက်လတာကာလအတွင်း အီးယူက အမေရိကန်ဒေါ်လာ ၇၇ သန်းတန်ဖိုးရှိ ဗီယက်နမ်တူနာငါးအား တင်သွင်းခဲ့ပြီး အဆိုပါတင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ အဆိုပါတင်သွင်းမှုသည် ဗီယက်နမ်နိုင်ငံမှ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သို့ တူနာငါးတိုးမြှင့်တင်ပို့သည့်တန်ဖိုးနှင့် ညီမျှမှုရှိပါသည်။

ဗီယက်နမ်နိုင်ငံ ပင်လယ်ထွက်ကုန်တင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း (The Vietnam Association of Seafood Exporters and Procedures–VASEP) က ယခုနှစ်၊ ဒုတိယနှစ်ဝက်တာကာလတွင် တူနာငါးတင်ပို့မှု ဆက်လက်မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။

(ပြည့်ဖြိုးအောင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)

Source: VietNam News

https://myantrade.gov.mm/article/%E1%80%97%E1%80%AE%E1%80%9A%E1%80%80%E1%80%BA%E1

## ဟိုင်းကြီးကျွန်းဒေသထွက် ငါးစည်ဖောင်းခြောက်များ ပြည်တွင်းဈေးကွက်အတွင်း အရောင်းသွက်နေ

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းဒေသမှထွက်ရှိသည့် ငါးစည်ဖောင်းခြောက်များ ဝယ်လိုအားကောင်းပြီး ပြည်တွင်းဈေးကွက်အတွင်း အရောင်းသွက်နေကြောင်း ဟိုင်းကြီးကျွန်းဒေသရှိ ငါးခြောက်နှင့်ငါးစည်ဖောင်းခြောက် ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးသင်းက ပြောပြ၍သိရသည်။

ဟိုင်းကြီးကျွန်းဒေသမှ ထွက်ရှိသော ငါးစည်ဖောင်းခြောက်များကို ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင်စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းမှရရှိသည့်စည်ဖောင်းများကို စနစ်တကျသန့်စင် နေလှန်းအခြောက်ခံပြီးရရှိခြင်းဖြစ်ကြောင်း၊ အဆိုပါငါးစည်ဖောင်းခြောက်များကို ပြည်တွင်းစားသောက်ဆိုင်များနှင့် ဟိုတယ်များက ဇူလိုင်လပထမပတ်မှစတင်၍ ဝယ်လိုအားရှိနေခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းဒေသကထွက်တဲ့ ပင်လယ်ငါးစည်ဖောင်းခြောက်ဈေးကွက်က ဒီရက်ပိုင်းအတွင်း ပြည်တွင်းဈေးကွက်မှာ သိသိသာသာဝယ်လိုအားတက်နေပါတယ်။ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ စားသုံးသူများတော့ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်တော်တော်သွက်နေပါတယ်။ ဒေသထွက် ငါးစည်ဖောင်းအထွက်နှုန်းကတော့ နည်းနေပါသေးတယ်။ ဒေသထွက်ငါးစည်ဖောင်းခြောက်တွေကို ပြည်တွင်းဈေးကွက် ရန်ကုန်သို့အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။

ဟိုင်းကြီးကျွန်းဒေသတွင် ဇူလိုင် ၁ ရက်မှ ယနေ့ (ဇူလိုင်-၃၁)ထိ ငါးစည်ဖောင်းခြောက်ဈေးနှုန်းမှာ ငါးရွှေ ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၀၊ နတ်ကတော်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀၀ မှ ၂၇၀၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

"ယခုနှစ် ပြည်တွင်းမှာကို ငါးစည်ဖောင်းခြောက်က ဝယ်လိုအားကောင်းနေပါတယ်။ ပုသိမ်ဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ပေးနေရပါတယ်" ဟု ဟိုင်းကြီးကျွန်းဒေသမှ ပင်လယ်ငါးစည်ဖောင်းခြောက်ကုန်သည် ကိုမင်းမင်းလတ်က ပြောပြသည်။

**Source: ရတနာပုံသတင်းစာ**

## မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးနုဝယ်လိုအားကောင်းလာ၍ ဈေးကောင်းရရှိနေ

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးနုဝယ်လိုအားကောင်းလာပြီး အလုံး ၁၀၀ လျှင် ငွေကျပ် ၉၀၀၀ ထိဈေးကောင်းရရှိနေ၍ ကွမ်းသီးစိုက်ပျိုးရေးလုပ်ကိုင်သူများ အဆင်ပြေနေကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ကိုထက်ဆန်းက ပြောပြ၍သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဇွန်လသည် ကွမ်းသီးစပေါ်ချိန်ဖြစ်ပြီး ဇွန်လပထမပတ်မှ ဇူလိုင်လ တတိယပတ်ထိ ကွမ်းသီးနုအလုံး ၁၀၀ လျှင် ငွေကျပ် ၄၅၀၀ ဈေးရရှိနေရာ ဇူလိုင်လနောက်ဆုံးပတ်မှစ၍ ယနေ့ (ဩဂုတ်-၁)ထိ ကွမ်းသီးနုဝယ်လိုအားကောင်းလာ၍ ကွမ်းသီးနုအလုံး ၁၀၀ လျှင် ငွေကျပ် ၉၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်းသိရသည်။

"အခု ကွမ်းသီးနုအလုံး ၁၀၀ ကို ငွေကျပ် ၉၀၀၀ ထိဈေးရရှိနေပါတယ်။ ကွမ်းသီးနုတွေက ဝယ်လိုအားကောင်းလာလို့ ဈေးကောင်းရရှိနေတာဖြစ်ပါတယ်။ ဈေးကောင်းလဲရပြီး ဝယ်လိုအားလဲကောင်းနေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ကိုင်သူတွေ အဆင်ပြေလာတာဖြစ်ပါတယ်။ ကွမ်းသီးစပေါ်ချိန်ကနေ ဇူလိုင်လ တတိယပတ်ထိက ကွမ်းသီးအနုအလုံး ၁၀၀ ကို ငွေကျပ် ၄၅၀၀ ဈေးပဲရှိခဲ့တာဖြစ်ပါတယ်။ အခုကွမ်းသီးနု ဈေးကောင်းရရှိတာဟာ ပြည်ပဈေးကွက်က ကွမ်းသီးနုတွေကို ရသလောက်ဝယ်ယူနေလို့ဖြစ်ပါတယ်။ အရင်က ကွမ်းသီးဆို အစိမ်းနဲ့အမှည့်ဈေးကွက်ပဲရှိတော့ ရင့်မှည့်ချိန်ထိစောင့်ရောင်းရ ပါတယ်။ အခု ကွမ်းသီးနုဈေးကွက်ပါရှိလာလို့ ကွမ်းသီးစိုက်ပျိုးလုပ်ကိုင်သူတွေ ဝင်ငွေစောရရှိနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ကိုထက်ဆန်းကပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ကွမ်းသီးနုများကို ကုန်သည်များက ကွမ်းသီးခြံများထိဆင်းကာ ဝယ်ယူနေကြောင်း၊ ဒေသထွက်ကွမ်းသီးနုများကို မော်လမြိုင်ကျွန်းမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မှ ပြည်ပ

ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးနုများကို အစာခြေဆေး၊ သန့်ချဆေး၊ စိတ်ကျရောဂါဆိုင်ရာ ကုသဆေး၊ ခံတွင်းရနံ့သန့်စင်ဆေးရည်များ ဖော်စပ်ရာတွင် အသုံးပြုသည့်အတွက် ပြည်ပမှဝယ်ယူနေခြင်းဖြစ်ကြောင်း ကွမ်းသီးနုဝယ်ယူသည့် ကုန်သည်များက ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မလေးရှားနိုင်ငံ၏ ကြက်သားထုတ်လုပ်မှုနှုန်း ပြည်တွင်းဈေးကွက်လိုအပ်ချက်ထက် ပိုလွန်လာ

အသားစားကြက်များ ပြည်ပတင်ပို့မှုကို ပိတ်ပင်ခဲ့ပြီးနောက် ပြည်တွင်းဈေးကွက်အတွင်း ကြက်သားဖြည့်ဆည်းနိုင်စွမ်းမှာ အနည်းငယ်ပိုလျှံလာပြီဖြစ်ကြောင်း မလေးရှားတာဝန်ရှိသူများက ယနေ့ (ဩဂုတ်-၁) တွင် ပြောကြားလိုက်သည်။

မလေးရှားနိုင်ငံသည် ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လာမှုကို ထိန်းချုပ်ရေးအတွက် အသားစားကြက်များ ပြည်ပတင်ပို့မှုကို ယခုနှစ် ဇွန်လအတွင်း စတင်ပိတ်ပင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မလေးရှားနိုင်ငံ၏ ပြည်တွင်းဈေးကွက်၌ ကြက်သားဖြည့်ဆည်းနိုင်စွမ်းမှာ လက်ရှိတွင် ဈေးကွက် လိုအပ်ချက်ထက် အနည်းငယ်ကျော်လွန်ခဲ့ပြီး ၁၀၉ ရာခိုင်နှုန်းထိ ဖြည့်ဆည်းပေးနိုင်စွမ်းရှိလာကြောင်း မလေးရှားစိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှုလုပ်ငန်း ဝန်ကြီးရိုနယ်လ်ကီအန်းဒီက ထုတ်ဖော်ပြောကြားခဲ့သည်။

ပြည်တွင်းဈေးကွက်လိုအပ်ချက်ထက် ထုတ်လုပ်မှုနှုန်း ပိုမြင့်မားလာမှုကြောင့် မိမိတို့အနေဖြင့် အသားစားကြက်များအား ပြည်ပသို့ ပြန်လည်တင်ပို့နိုင်စွမ်းရှိလာပြီဖြစ်ကြောင်း ရိုနယ်လ်ကီအန်းဒီက လွှတ်တော်၌ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် အသားစားကြက်အရှင်များကို အိမ်နီးချင်းထိုင်းနိုင်ငံနှင့်စင်ကာပူနိုင်ငံများသို့ အဓိကတင်ပို့ရောင်းချနေသောနိုင်ငံဖြစ်သည်။

စင်ကာပူနိုင်ငံသည် ၎င်း၏ကြက်သားလိုအပ်ချက် ၃၄ ရာခိုင်နှုန်းခန့်ကို မလေးရှားနိုင်ငံထံမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဇူလိုင်လ ၂၃ ရက်မှ ၂၉ ရက်နေ့အတွင်း ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်မှ ၂၉ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ရော်ဘာ၊ ဆန်ကွဲနှင့်ပြောင်းများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၄၅၄၂၆ ဒသမ ၉ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၅၅၈၆၈၂ ဒသမ ၂၇ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၁၀၁၂၉၀၉ ဒသမ ၁၇ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ဆေးဝါးပစ္စည်းများ၊ လယ်ထွန်စက်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ချည်ထည်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓာတုဗေဒချည်ခင်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ ဇာနှင့်ဇာထိုးထားသောအထည်အလိပ်များ၊ သံပိုက်နှင့်ဂေါ်ပြားများ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၇၈၉၀၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၂၅၇၄၉၂ ဒသမ ၈ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်း ငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၃၃၆၃၉၇ ဒသမ ၈ တင်သွင်းမှုရှိခဲ့ပါသည်။

တစ်ဖက်နိုင်ငံ တရုတ်ပြည်တွင် ဆန်မာတစ်အိတ်လျှင် ၁၇၀ ယွမ်၊ ဆန်ပျော့တစ်အိတ်လျှင် ၂၁၀ ယွမ်ဈေးနှင့် အစေ့ထုတ်ပြောင်းတစ်အိတ်လျှင် ၁၅၀ ယွမ် ဈေးပေါက်လျက်ရှိပြီး၊ မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၆၄ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၇၄ ဒသမ ၇၂ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုဟိုဌာန**

# STOCK EXCHANGE (2.8.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 2nd Aug. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | -100 | -1.39% | 7,200 | 7,200 | 7,100 | 163 | 1,164,400 | 33,109,694 | 235,079 |
| MTSH | 00002 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,400 | 2,620 | 6,413,000 | 38,929,150 | 95,376 |
| MCB | 00003 | 7,000 | -100 | -1.41% | 7,000 | 7,000 | 7,000 | 6 | 42,000 | 10,400,986 | 72,807 |
| FPB | 00004 | 17,500 | +0 | +0.00% | 18,000 | 18,000 | 17,500 | 4 | 70,500 | 2,472,053 | 43,261 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,400 | 2,400 | 2,350 | 52 | 122,250 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | -50 | -2.00% | 2,450 | 2,450 | 2,400 | 129 | 310,050 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

## Market summary

As of 2nd Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 332.31 | -4.19 | -1.25% | 334.81 | 335.52 | 332.31 | 2,974 | 8,122,200 | 7 | 578,090 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 2nd Aug. 2022

| MYANPIX | 332.31 ▼ 4.19 |
|---|---|
| Total Volume (shares) | 2,974 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 578,090 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▼ 100 |
| MTSH | 00002 | 2,450 | ▼ 50 |
| MCB | 00003 | 7,000 | ▼ 100 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |